သူငယ်ချင်းရေ,

လူ့ဘဝဆိုတာ တိုတိုလေးပါ။ ရေပြင်ထက်ခဏပွက်တဲ့ရေပွက်ပမာ၊ ရလာခိုက် ဒီဘဝကိုတန်ဖိုးရှိရှိ သုံးတတ်ဖို့ လိုတယ်နော်။ ငါတို့တွေလူဖြစ်ခိုက်မှာ ဘုရားသာသနာနဲ့ကြုံခွင့်ရတာ ရတောင့်ရခဲ အခွင့်အရေးကြီးပါ။ သာသနာသက်(၅၀၀၀)ဆိုပေမဲ့ တကယ်တော့ တို့တွေအသက်ရှင်စဉ်ကာလ လောက်ဘဲဆိုင်တာပါ။ ငါတို့ဘယ်လောက်သက်တမ်းနေရမလဲဆိုတာမသိနိုင်ပါဘူး။ ဘယ်အချိန်မှာသေမလဲ? ဘယ်နေရာမှာသေမလဲ? ဘာရောဂါနဲ့သေမလဲ? ဘယ်လိုမှမသိနိုင်တဲ့ အရာတွေပါ။ တကယ်တော့ မွေးဖွါးခြင်းနဲ့သေဆုံးခြင်းဟာ ရင်ဘတ်နဲ့ ကျောလိုဘဲ ကပ်နေတာပါ။ ဝိပဿနာဆိုတာအချိန်မရွေး၊ နေရာမရွေး ကျင့်လို့ရတဲ့တရားပါ။ စီးပွါးလဲစွန့်စရာမလိုပါဘူး၊ မိသားစုနဲ့လဲသိုက်သိုက်ဝန်းဝန်းနေနိုင်ပါတယ်။ ဟိုအကြောင်းပြ၊ ဒီအကြောင်းပြပြီး အချိန်ဆွဲမနေပါနဲ့ သူငယ်ချင်း။ ဘာလို့လဲဆိုတော့ တို့တွေရထားတဲ့ ဒီခန္ဓာကြီးကစက္ကန့်မပြတ်အို၊ နာ၊ သေ ဆီ တဒိုင်းဒိုင်းပြေးနေလို့ပါဘဲ။ အသေမဦးခင်၊ ဉာဏ်ဦးအောင်ကြိုးစားဖို့တော့လိုနေပီ။

ဝိပဿနာတရားကိုအားထုတ်သင့်ရခြင်းအကြောင်း(၄)မျိုးရှိပါတယ်။ ပုထုစဉ်တိုင်းကြုံတွေ့ရမဲ့ ဘေးကြီး(၄)မျိုးလို့လဲဆိုပါတယ်။ ဘေးဆိုတာကြောက်စရာပါ။ဒါပေမဲ့ပုထုစဉ်တိုင်းမကြောက်ကြပါဘူး။ ဘာကြောင့်လဲဆိုတော့ဘေးရှိမှန်းမသိလို့ပါ။ မျက်ကန်းတစ္ဆေမကြောက်ဆိုတဲ့အတိုင်းပါပဲ။ မျက်စိကန်းနေတဲ့သူကို တစ္ဆေကဘယ်လိုခြောက်ခြောက် မကြောက်ပါဘူး။ ဘာကြောင့်လဲဆိုတော့ တစ္ဆေကိုမမြင်ရတဲ့အတွက်ပါပဲ။ ဒီဘေးကြီးကိုသေချာသိတဲ့လူကတော့ ကြောက်ပါတယ်။ ကြောက်လို့လဲဒီဘေးကြီးကလွတ်မြောက်ရာ တခုတည်းသောလမ်းဖြစ်တဲ့ ဝိပဿနာ မဂ္ဂင် လမ်းကိုလျှောက်ကြတာဖြစ်ပါတယ်။

အဲဒီဘေးကြီးတွေကတော့

(၁) ဝိနိပါတဘေး

(၂) နာနာသတ္တဥလ္လောကနဘေး

(၃) ဒုစ္စရိတဘေး

(၄) အပါယဘေး  တို့ပဲဖြစ်ပါတယ်။

ဝိနိပါတဘေးဆိုတာ သေပီးနောက်ကျချင်တဲ့ဘုံကျ၊ ရောက်ချင်တဲ့ဘုံရောက် ရတဲ့ဘေးဖြစ်ပါတယ်။

နာနာသတ္တဥလ္လောကနဘေး ဆိုတာကတော့ ဆရာများတဲ့ဘေး၊ တနည်း ဘုရားများတဲ့ဘေးပါပဲ။

ဒုစ္စရိတဘေး ဆိုတာကတော့ မကောင်းမှုအကုသိုလ် ပြုမိတဲ့ဘေးပါပဲ။

အပါယဘေး ဆိုတာကတော့ အပါယ်(၄)ပါး ကျရတဲ့ဘေးပါပဲ။

ဒီဘေး(၄)မျိုးဟာ တခုနဲ့တခု ဆက်စပ်နေပါတယ်။ ဝိပဿနာ ဉာဏ်အမြင်မရှိတဲ့ အန္ဓ ပုထုစဉ် အဖြစ်နဲ့ သေမယ်ဆိုရင် ဘာသာခြားမိခင် ရဲ့ဝမ်းထဲလဲရောက်နိုင်ပါတယ်။ အဲဒါဟာ

ဝိနိပါတဘေး ကြောင့်ပါ။ ဘာသာခြားမိဘလက်ထဲရောက်တော့ ဘာသာခြားဘုရား ကိုကိုး ကွယ်ရပီ။ အဲဒါ နာနာသတ္တဥလ္လောကနဘေး ဆိုက်တာပါ။ တခါ ဘာသာခြားဘုရား က တိရစ္ဆာန်သတ်မှ ကုသိုလ်ရတယ်လို့ပြောတဲ့အတွက် တိရစ္ဆာန်သတ်မိပြန်တယ်။ ဒါဟာ ဒုစ္စရိတဘေး ဆိုက်တာပါ။ အဲဒီလို အကုသိုလ် ဒုစရိုက်တွေ ကျူးလွန်တဲ့အတွက် သေပြီး နောက် အပါယ်လေးပါးကျရပါတယ်။ ဒါဟာ အပါယဘေး ဆိုက်တာပါ။

"ရတနာ(၃)ပါးကို ကိုးကွယ်ဆည်းကပ်လာသူတယောက်အကြောင်း" ကိုရေးတဲ့ စာရေး ဆရာ ဘုန်းကြီး ဦးဆန်းလွင် ဟာ ဝိနိပါတဘေး သင့်ခဲ့တဲ့ သူတယောက်ပါ။ သူဟာ အတိတ်ဘဝက ဗုဒ္ဓ ဘာသာ ရှမ်း လူမျိုးတယောက်ပါ။ ခုဘဝမှာတော့ မူစလင် ဝမ်းထဲဝင် စားပီး မူစလင် ဘာသာ ဖြစ်ရပါတယ်။ ဒါပေမဲ့ သူဟာ ပါရမီရှင် တဦးဖြစ်လို့ လမ်းမှန်ကို လျှောက်နိုင်ခဲ့ပါတယ်။

**ဒါန၊ သီလ၊ သမထဘာဝနာ စတဲ့လောကီကုသိုလ်ဟာ စိတ်မချရပါဘူး၊** သူတို့အကျိုးပေး ဖို့အတွက် ကာလရော၊ ဘဝရော ရွေးတတ်ပါတယ်။ ကုသိုလ်၊ အကုသိုလ်၊ မှန်သမျှ **ဇော (၇)ချက်** နဲ့ အကျိုးပေးပါတယ်။

**ပထမဇော စေတနာ** ဟာ ယခုဘဝမှာပင် အကျိုးပေးပါတယ်။ **ဒိဋ္ဌဓမ္မဝေဒနိယကံ** လို့ ခေါ်ပါတယ်၊ အကြောင်းမညီညွတ်ရင် အကျိုးပေးလို့မရဘဲပျက်သွားပါတယ်။

**သတ္တမဇောစေတနာ**ကတော့ ဒုတိယဘဝမှာအကျိုးပေးပါတယ်။ သူလဲဘဲ အကြောင်း မညီညွတ်ရင် အကျိုးပေးလို့မရဘဲပျက်သွားပါတယ်။ ဘယ်တော့မှမပျက်ဘဲ သစ္စာ ရှိရှိအကျိုးပေးတာက **အလယ်ဇော(၅)ချက်**ပါပဲ။ တတိယဘဝကစပီး နိဗ္ဗာန်မရောက် မချင်းလိုက်ပီးအကျိုးပေးပါတယ်။

ဒီနေရာမှာ သူငယ်ချင်း နားလည်အောင် **ကံ(၄)မျိုး**အကြောင်းပြောပြချင်ပါတယ်။

(၁) ဂရုကံ- ကြီးလေးတဲ့ကံ။ (ဒိဋ္ဌဓမ္မဝေဒနိယကံ)

အကြောင်းညီညွတ်ရင် ယခုဘဝမှာပင် အကျိုးပေးပါတယ်။

(၂) အာသန္နကံ - သေခါနီးမှာဖြတ်ဝင်တဲ့ကံ။

(၃) အာစိန္နကံ - နေ့စဉ်၊ နေ့တိုင်း ပြုလုပ်တဲ့ကံ။

(၄) ကတတ္တာကံ - ၃၊၄၊၅ ဘဝလွန်ပီးမှအကျိုးပေးတဲ့ကံ။

ကိုယ်သေခါနီးမှာ ဘယ်စေတနာဇောကအားကောင်းပီး ဘယ်ကံကအကျိုးပေးမလဲဆိုတာ ဘယ်သူမှမသိနိုင်ဘူး သူငယ်ချင်း။ အထက်ဆန်လိုက်၊ အောက်စုန်လိုက်နဲ့ ၊နတ်ပြည်ရောက် လိုက်၊ အပါယ်ရောက်လိုက်နဲ့ သံသရာတလျှောက်ပင်ပန်းလှပီ။

လောကုတ္တရာကုသိုလ်ကတော့ ဒီလိုမဟုတ်ဘူး။ အခုရတာနဲ့အခုကောင်းကျိုးပေးတာပါပဲ။ သောတာပတ္တိမဂ်ကိုရတာနဲ့ ဖိုလ်ဆိုတဲ့ကောင်းကျိုးကိုချက်ချင်းခံစားရပါတယ်။ စက္ကန့်တောင် မခြားပါဘူး။ အဲဒီ သောတာပတ္တိမဂ် ကုသိုလ်က သံသရာတလျှောက် အပါယ်ဆွဲချတတ်တဲ့ **ဒိဋ္ဌိ နဲ့ ဝိစိကိစ္ဆာ**ကိုလဲအမြစ်ပြတ်ပယ်သတ်လိုက်လို့ သောတာပတ္တိမဂ် ရပြီးသူဟာ သံသရာ တ လျှောက်ဘယ်တော့မှအပါယ်မကျတော့ပါဘူး။

သောတာပန်အဆင့်ကိုအသာထားဦး၊ စူဠသောတာပန် ပုထုစဉ်အဆင့်ရောက်ရင်တောင် (၁)ဘဝ၊ (၂)ဘဝ အပါယ်တံခါးပိတ်ပါတယ်။

စူဠသောတာပန် ဖြစ်ဖို့ ဉာဏ်(၃) ဉာဏ်ရှိရပါမယ်။
(၁) ကမ္မသကတ ဉာဏ် - ကံနှင့်ကံ၏အကျိုးကိုယုံကြည်ခြင်း။
(၂) ပစ္စယပရိဂ္ဂဟ ဉာဏ် - အကြောင်း၊ ကြောင့် အကျိုး ဖြစ်တာကိုကောင်းစွာသဘောပေါက် နားလည်ခြင်း။
(၃)နာမ၊ရူပ ပရိစ္ဆေဒ ဉာဏ် - ရုပ်တရား၊ နာမ်တရား တို့၏ ဖြစ်၊ပျက်မှုကို ကောင်းစွာ သိမြင်ခြင်း။

ဒီ ဉာဏ်(၃) ဉာဏ်ရဖို့ အရင်ဆုံး တရားနာဖို့ လိုပါတယ်။ ညာတပရိညာ လို့ခေါ်တဲ့ အသိကို အရင်ဖြည့်ရပါတယ်။ ဒါကြောင့် သူငယ်ချင်း ကိုပို့ပေးထားတဲ့ တရားခွေတွေကို ရိုရိုသေသေ ဂရုတစိုက် နာကြားဖို့ တိုက်တွန်းလိုက်ပါတယ်။

စီစီချိုသန်း
၂၈.၃.၂၀၀၉